# မင်္ဂလာရာမ သတင်းလွှာ

## ( ၀၈–၀၅–၀၇ )

**တိုးချဲ့ကျောင်းဆောင် အခြေအနေ**။ ။ သံဃာတော်များ သီတင်းသုံးရာ သိမ်ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ရေး အတွက် ဗိသုကာ ဦးတိုနီ–မှ ပုံစံအချောသပ် ရေးဆွဲလျက်ရှိပြီး အပူအအေးပေးစက် အသစ်တပ်ဆင်ရေးအတွက် MECHANICAL ENGINEER နှင့် ညှိနှိုင်းနေပါသည်၊ အဆောင်တိုးချဲ့ရေးပါမစ် လျှောက်ပါက ပထမဦးစွာ မင်္ဂလာရာမ ဓမ္မာရုံသစ်ကြီး အနောက်ရှိ မုန်တိုင်းမိုးရေကန် ဆောက်လုပ်ရန် ဖြစ်ရပါမည်၊ မုန်တိုင်းမိုးရေကန်အတွက် COUNTY မှ လိုအပ်သော SOIL COMPACTION TEST ကို ဇွန်လ ( ၁၃ ) ရက်နေ့က PROFESSIONAL CONSULTING CORP မှ ပြုလုပ်ပြီး အဖြေကို စောင့်နေပါသည်။

**မင်္ဂလာရာမကျောင်းတိုက် ၁၀–ရက် တရားစခန်း**။ ။ မင်္ဂလာရာမကျောင်းတိုက်၌ ရွှေမင်းဝံ ဆရာတော်၏ ( ၁၀ ) ရက် တရားစခန်းကို ဇွန်လ ( ၁ ) ရက်မှ ( ၁၀ ) ရက်နေ့အထိ အောင်မြင်စွာ ကျင်းပခဲ့ပြီး ယောဂီပေါင်း ( ၄၀ ) ကျော် တရားဝင်ခဲ့ကြပါသည်။ တရားစခန်းအတွင်း အရုဏ်ဆွမ်း နေ့ဆွမ်း အဖျော်ရည် သောက်ရည် စသည် လှူဒါန်းခဲ့ကြသော အလှူရှင်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်များ အားလုံးကို BABA မှ အထူးကျေးဇူးတင်ရှိပါသည် ။

**မင်္ဂလာရာမ သင်္ကြန်ပွဲ နှင့် နိဗ္ဗာန်ဈေး** ။ ။ မင်္ဂလာရာမ သင်္ကြန်ပွဲ နှင့် နိဗ္ဗာန်ဈေးကို ဇွန်လ ( ၂၄ ) ရက်နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး စုစုပေါင်းအလှူငွေ တစ်သောင်းခြောက်ထောင်ကျော် ရရှိခဲ့ပါသည်၊ သင်္ကြန်နှင့်နိဗ္ဗာန် ဈေးတွင် အစာအာဟာရ နှင့် ပစ္စည်းမျိုးစုံ ရောင်းချလှူဒါန်းခဲ့ကြသော အလှူရှင်များ, သီဆိုဖျော်ဖြေခဲ့ကြသော ဂီတမှူး ပစ်တိုင်းထောင်၊ နိုင်ငံကျော် တေးသံရှင် မီမီဝင်းဖေ နှင့် ဝါရှင်တန်မက်ထရိုရေိယာ, နယူးယောက်, ရှားလော့ဘေး အစရှိသည်တို့မှ အနုပညာရှင်များနှင့် သင်္ကြန်နှင့်နိဗ္ဗာန်ဈေးပွဲ ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီလုပ်ကိုင်ခဲ့ကြသူ အားလုံးတို့အား BABA မှ အထူး ကျေးဇူးတင်ရှိပါသည်။

**MBL မှ စာအုပ်ငှါးဖတ်နိုင်ပြီဖြစ်ကြောင်း**။ ။ မင်္ဂလာရာမ ဗုဒ္ဓ စာကြည့်တိုက်–ရှိ စာအုပ်များကို စာကြည့်တိုက် စည်းကမ်းချက်နှင့်အညီ စာကြည့်တိုက်ကဒ် ပြုလုပ်ပြီး ( ၀၈–၀၅–၀၇ ) နေ့မှစ၍ စာအုပ်ငှါးဖတ်နိုင်ပြီဖြစ်ပါကြောင်း, စာကြည့်တိုက် စည်းကမ်းကို mingalarama.org website တွင် ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**MBL မှ တရားတော်များကို ပူဇော်နိုင်ကြောင်း**။ ။ မင်္ဂလာရာမ ဗုဒ္ဓ စာကြည့်တိုက်–ရှိ (Tape, CD, VCD, DVD, MP.3) တရားတော်များကို မှာယူသည့်နေ့မှစ၍ ၁၅–ရက်အတွင်း ကိုယ်တိုင်ဖြစ်စေ, လူကြုံနှင့်ဖြစ်စေ အခမဲ့ ပူဇော်နိုင်ကြောင်း, စာတိုက်မှ ပို့မည်မဟုတ်ကြောင်း, (Tape, CD, DVD) အလွတ်များကိုလည်း လှူဒါန်းနိုင်ကြောင်း အသိပေးအပ်ပါသည် ။

**ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်ခြင်း**။ ။ မင်္ဂလာရာမကျောင်းတိုက်၌ ဇွန်၃၀–မှစ၍ အသက် ၄–နှစ်နှင့် ၄–နှစ် အထက် ကလေးလူငယ်များအတွက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကို အပတ်စဉ် စနေ–တနင်္ဂနွေနေ့တိုင်း နေ့လည် ၂း၀၀ နာရီ မှ ၄း၀၀ နာရီအထိ ဆရာတော်များကိုယ်တိုင် သင်ကြားပေးနေပြီဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ မင်္ဂလာရာမ ဖုန်း–၃၀၁–၄၃၉–၄၀၃၅သို့ဆက်သွယ်စာရင်းသွင်း တက်ရောက်နိုင်ပြီဖြစ်ကြောင်း ထပ်မံနှိုးဆော်အပ်ပါသည်။

**ဓမ္မသံဝေဂ ပွားများခြင်း**။ ။

၁။ ကိုရန်နိုင်ဦး <u>**မထွေးထွေး**</u> တို့၏ မိခင် ဒေါ် မြကြီး အသက် ၇၈–နှစ် မေလ ၉–ရက်နေ့က ကွယ်လွန်ခဲ့ခြင်း

၂။ ဦးကျော်ဇောညွန့် <u>**ဒေါ်ဆွေဆွေ**</u> တို့၏ မိခင် ဒေါ်အုန်းစိန် အသက် ၈၉–နှစ် ဇွန်လ ၂၉–ရက်နေ့က ကွယ်လွန်ခဲ့ခြင်း

၃။ <u>**ဦးဇော်ဝင်းတင့် ဒေါ် ဝင်းဝင်းဌေး**</u> တို့၏ သား မောင်သက်တိုးအောင် အသက် ၁၅–နှစ် ဇူလိုင်လ ၄–ရက်နေ့က ကွယ်လွန်ခဲ့ခြင်းတို့အတွက် BABA အသင်းကြီးမှ ကျန်ရစ်သူ မိသားစုများနှင့်အတူ ဓမ္မသံဝေဂ ပွါးများပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

BABA